## တောင်အမေရိကတိုက် အစ္စလာမ်သာသနာ

ကွန်မြူနစ် ကျူးဘားနိုင်ငံအပါအဝင်၊ တောင်အမေရိကတိုက်၏ အစွန်ဆုံး အာဂျင်တီးနား (အာဂင်တီးနား) အထိ မြို့ကြီးတိုင်းတွင် မူဆလင် အသိုက်အမြုံ (ကွန်မြူနီတီ)များကို ထင်ရှားစွာ တွေ့နိုင်ပေသည်။ တောင်အမေရိက တိုက်ရှိ မူဆလင်များမှာ များသော အားဖြင့် အာရပ် အနွယ်များ ဖြစ်၍၊ ကုန်ကူးသန်းရောင်းဝယ်ခြင်း အလုပ်ကို လုပ်ကိုင်စားသောက်ကြပေသည်။ လူဦးရေမှာ ရာခိုင်နှုန်းအားဖြင့် ဖေါ်ပြရန် ခက်ခဲနေသေးသော်လည်း ဘီလီဇီ ကဲ့သို့ တောင်အမေရိကတိုက်ဝင် ကျွန်းနိုင်ငံကလေးတွင် မူဆလင်မှာ ၅၅ ရာနှုန်းခန့်ရှိပေသည်။ ဗင်နီးဇွဲလား မြို့တော် ကာရာကတ်စ်တွင် အစ္စလာမ် ဝတ်ကျောင်းတော်ဗလီကြီးမှာ ထွန်းတောက်လျှက် ရှိနေပြီဖြစ်သည်။ တစ်ချိန်က ကိုလိုနီဖြစ်ခဲ့သော ထိုလက်တင် အမေရိက နိုင်ငံများသည် ယခုအခါ အစ္စလာမ်နိုင်ငံများနှင့် ဆက်ဆံရေးကို ပိုမိုထူထောင်လာပြီး ထိုတိုင်းပြည်ရှိ မူဆလင်များမှာလည်း သိသာ ထင်ရှားစွာ ခွဲခြား ဆက်ဆံခံခြင်းများ မရှိပေ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com